မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

## ၇–ရက် ဇူလိုင် သတ်ဖြတ်မှုကြီးကို ကျူးလွန်ခဲ့သော တာဝန်ရှိ စစ်ခေါင်းဆောင်များအား နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးတွင် အရေးယူနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန် ပန်ကြားချက်။

၁။ အာဏာသိမ်းစစ်အစိုးရက ၁၉၆၂–ခုနှစ် ဇူလိုင်လ ၇–ရက်နေ့တွင် ဆန္ဒပြ တက္ကသိုလ် ကျောင်းသားများကို ပစ်သတ်ခဲ့ကြသည်။ ကျဆုံးခဲ့ကြသည့် ကျောင်းသားများစာရင်းနှင့် ဒါဏ်ရာရသူများစာရင်း၊ တို့ကို လက်လှမ်းမှီ သမ္မုစုဆောင်းထားမှုများ ရှိကြောင်းတွေ့ ရသည်။ ပျောက်ဆုံးနေသူများ စာရင်း ကို အတိအကျ ထုတ်ဖေါ် နိုင်ခြင်း မရှိသေးပါ။ ၁၉၆၂–ခုနှစ်၊ဇူလိုင် (၈) ရက် နံနက် (၆)နာရီ တွင် တက္ကသိုလ်သမဂ္ဂ အဆောက်အဦးကို ဒိုင်းနမိုက်ဖြင့် ဖြိုခွဲပစ်ခဲ့သည့် အမှတ်အသားအဖြစ် သမဂ္ဂ အဆောက်အဦးနေရာရှိ ကွက်လပ်ကြီးက သက်သေခံ နေပါသည်။

၂။ အာဏာသိမ်းစစ်အစိုးရမှ ကျူးလွန်ခဲ့သော ဇူလိုင်ခုနှစ် ပြစ်မှုကြီးကို ယနေ့အချိန်အထိဖေါ်ထုတ် အရေးယူ ခဲ့ခြင်းမရှိသေးပါ။ စစ်အာဏာသိမ်းမှု အဆက်ဆက်ကို ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်ချုပ်မှူးကြီး စောမောင်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ ဦးဆောင်လျှက် ဤတပ်မတော်တရပ်တည်းကပင် ကျူးလွန် ခဲ့သည်။ ယခု ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်အုပ်စုက အတင်းအကြပ်အတည်ပြုလိုက်သော ၂၀၀၈–ခုနှစ် နာဂစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ– ၄၄၅–တွင် ၎င်းတို့ကျူးလွန်ခဲ့သမျှသော ပြစ်မှုများအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရမည့် ပြဋ္ဌာန်းချက်ကို ဖော်ပြထားသည်။ ဤသည်မှာ ဥပဒေစိုးမိုးမှု အခြေခံ နှင့် လုံးဝဆန့်ကျင်ပြီး တရားဝင်မှုမရှိပါ။ ဤပြစ်မှုကြီးကို လုံးဝဖေါ်ထုတ် စစ်ဆေးခြင်းမရှိဘဲ ဆက်လက် ဖုံးကွယ်ထားခဲ့သော ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် လက်ရှိစစ်ခေါင်းဆောင်များတွင် လုံးဝတာဝန်ရှိသည်။

၃။ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးအနေဖြင့် လက်ခံအရေးယူနိုင်သော ပြစ်မှုများမှာ ၎င်းတရားရုံးပေါ် ပေါက် လာသည့်နေ့ဖြစ်သော ၂၀၀၂ ခုနှစ် ဇူလိုင်လ နောက်ပိုင်းကျူးလွန်သော ပြစ်မှုများ အပေါ်သာ အရေးယူစစ်ဆေးနိုင်သည်။ ၂၀၀၂ ခုနှစ် ဇူလိုင်လ မတိုင်ခင်က ဖြစ်ပွားခဲ့သော ပြစ်မှုများကို အရေးယူ စစ်ဆေးနိုင်ခြင်းမရှိပါ။ သို့ရာတွင်ပျောက်ဆုံးသွားမှုများ **(Disappearances)** နှင့် စပ်လျဉ်း၍မူ မည်သည့် ကာလက ဖြစ်ပွားခဲ့သည်ဖြစ်စေ၊ နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးအနေဖြင့် အရေးယူနိုင်သည့် စီရင်ပိုင်ခွင့် အာဏာအတွင်း ကျရောက်သည်။ သို့ဖြစ်၍ ဇူလိုင်ခုနှစ် ပြစ်မှုကြီးနှင့် စပ်လျဉ်း၍ တာဝန် ရှိသူများအားလုံးကို ဖေါ်ထုတ်ပြီး နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးတွင် အရေးယူတရားစွဲဆိုနိုင်ရေး အတွက် ပြည်တွင်းရှိပြည်သူများရော၊ နိုင်ငံတကာ အဖွဲ့အစည်းများပါ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက် ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ။ နေ့စွဲ။ ဇူလိုင် (၄) ရက် ၂၀၀၈

အသေးစိပ်သိလိုပါလျှင် ဆက်သွယ်ရန်။
ဦးမျိုး၊ တာဝန်ခံ ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့– ၆၆ (၀) ၈၆ ၂၁၆ ၀၁၀၈